## ၅။ဝါပိုးနီ

**Red cotton stainer: *Dysdercus cingulatus* (Fabricius, 1775)**

**Hemiptera: Pyrrhocoridae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



အကောင်ငယ်အဆင့် (၅) ဆင့်ရှိပြီး၊ အဆင့်အားလုံးသည် အရွယ်ရောက်ပြီးသော အကောင်ကြီးနှင့် ဆင်တူသည်။ ပထမအဆင့်အကောင်ငယ်များသည် မြေကြီးအောက်ထဲတွင် ပထမအရေခွံစလဲသည် အထိနေသည်။ အရွယ်ရောက်ကောင်များသည် အလျားအားဖြင့် (၁၂–၁၈) မီလီမီတာ အထိရှိပြီး (၃.၅ – ၅.၅) မီလီမီတာ အကျယ်ရှိပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပန်းဖူးနှင့်အတောင့်တွင်းမှ အစေ့ရည်ကို စုပ်ယူစားသောက် ဖျက်ဆီးသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် – (၆–၉ ) ရက်

ပိုးမမည့်အဆင့်　　　　　　– (၃၂ – ၄၁) ရက်
အကောင်ကြီးအဆင့်　　　　　– (၁၆–၂၁ )ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)စိုက်ခင်းပတ်ဝန်းကျင်ရှိအခြားဖျက်ပိုးလက်ခံပင်များဖြစ်သော Malvaceous အုပ်စုဝင် **(**ခေါင်ရမ်းပန်း)အပင်များ အား ဖယ်ရှားပါ။

(၂)ဖျက်ပိုးကျရောက်ထားသောအပင်များအားနှုတ်ယူဖျက်ဆီးပါ။

(၃)ထယ်/ထွန်နက်နက်ထွန်ပါ။

(၄)ရိတ်သိမ်းပြီးမြေလှပ်ထားပါ။ (မြေကြီးအတွင်းရှိဖျက်ပိုးဥများ နေပူသေစေရန်/သား ရဲ ကောင်များစားသောက်နိုင်ရန်)

(၅)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး(Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)